**မြန်မာနိုင်ငံ။        ။ မဖြစ်မနေ ဧည့်စာရင်း တိုင်ရခြင်းကို ပယ်ဖျက်ပေးရန်**

အငြင်းပွားဖွယ် ဥပဒေကို ပယ်ဖျက်ပေးရန် မြန်မာနိုင်ငံရှိ အဖွဲ့အစည်း (၅၀) ကျော်မှ တောင်းဆိုခြင်း

(ရန်ကုန်မြို့ ဩဂုတ်လ ၃၁၊ ၂၀၁၆)၊ မြန်မာနိုင်ငံ၏ လွှတ်တော်ဥပဒေပြုကော်မတီသည် နိုင်ငံသားများက မိမိတို့အိမ်တွင် ညအိပ်မည့် ဧည့်သည်များကို အာဏာပိုင်များထံ စာရင်းပေးရန်လိုအပ်သည့်၊ ကိုလိုနီခေတ် ဥပဒေတွင် ပါဝင်ခဲ့သော ဥပဒေသများကို ဖျက်ပယ်ပေးသင့်သည်ဟု Fortify Rights အပါအဝင် မြန်မာနိုင်ငံရှိ အရပ်သားလူမှုအဖွဲ့အစည်း (၅၂)ခုမှ ယနေ့တွင် ပြောကြားလိုက်သည်။ ထိုဥပဒေသများသည် ကိုယ်ပိုင်အိမ်များကို အာဏာပိုင်များမှ ဝရမ်းမပါဘဲ ရှာဖွေပိုင်ခွင့်အာဏာကို ပေးထားသည်။

"ဤဥပဒေသသည် လူ့အခွင့်အရေးကာကွယ်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထား၍ အချိန်ကြာမြင့်စွာ အသုံးပြုလာခဲ့သည်။ အလားတူစွာ တိုင်းရင်းသား ကျေးလက်ဒေသနေ အပြစ်မဲ့နိုင်ငံသားများမှာ နှောင့်ယှက်ခံရသည်၊ ခြိမ်းခြောက်ခံရသည်၊ တစ်ခါတစ်ရံ အစဖျောက်ခြင်းခံရသည်ဟုသော သတင်းပေးပို့ ချက်များစွာရှိနေပါသည်။" ဟု အရပ်သားလူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာနိုင်ငံ အနှံ့အပြားတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်း (NGO)တစ်ခုဖြစ်သည့် 'ပေါင်းကူး' မှ အမှုဆောင်ဒါရိုက်တာ ဦးကျော်သူက ပြောကြားလိုက်သည်။ "ဤဥပဒေသများသည် အာဏာရှင်ဆန်ပြီး နိုင်ငံကို အကျိုးစီးပွား မဖြစ်ထွန်းစေပါ။ ၎င်းတို့သည် လူသားတို့၏ လုံခြုံမှုနှင့် ပြည်သူတို့၏ ဂုဏ်သိက္ခာကို ဆိုးရွားစွာ ခြိမ်းခြောက်နေသော ဖိနှိပ်ရေးလက်နက်ဖြစ်သည်မှာ ထင်ရှားသည်။"

၁၉၀၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ယခင်ဥပဒေနေစ်ခုကို အစားထိုးထားသည့် ၂၀၁၂ ခုနှစ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာဥပဒေအရ ဒေသခံများသည် မိမိတို့နေအိမ်များတွင် ဧည့်သည်များ ညအိပ်တည်းခိုသည့်အခါ အစိုးရအရာရှိများကို အသိပေးရန်နှင့် ထိုဧည့်သည်တို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အာဏာပိုင်များထံ တင်ပြရန် လိုအပ်သည်။ မြန်မာအာဏာပိုင်များသည် ဧည့်စာရင်းတိုင်ရန်လိုအပ်ချက်ကို ညဉ့်နက်ချိန်တွင် အိမ်ထောင်စုများအား စစ်ဆေးခြင်းဖြင့် လိုက်နာဆောင်ရွက်စေသဖြင့်၊ လူအများက ဤကဲ့သို့ ကာလကြာရှည်စွာ ကျင့်သုံးခဲ့သော ထိုအလေ့အထကို "သန်းခေါင်စာရင်းစစ်ဆေးခြင်း" (သို့မဟုတ်) "သန်းခေါင်စာရင်းကောက်ခြင်း" ဟု ရည်ညွှန်းကြသည်။

ယနေ့ထုတ်ပြန်လိုက်သည့် အများပြည်သူဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်တွင်၊ မဖြစ်မနေ ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်နှင့် သန်းခေါင်စာရင်းစစ်ဆေးခြင်းများသည် နိုင်ငံတကာဥပဒေအရ အကာအကွယ်ပေးထားသော လူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်၊ လွပ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခွင့်နှင့် အများပြည်သူနှင့်မသက်ဆိုင်သော သီးခြားလွတ်လပ်ခွင့်များကို ချိုးဖောက်သည်ဟု အဖွဲ့အစည်း (၅၂)ခုမှ ပြောကြားလိုက်သည်။

ထိုဥပဒသများကို ဆန့်ကျင်သည့် အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးတိုင်းတွင် အလုပ်လုပ်ကိုင်နေသည့် အရပ်သားလူမှုအဖွဲ့အစည်းများ ပါဝင်သည်။ မဖြစ်မနေ ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်အား ဆက်လက်ထားရှိခြင်းသည် "ဦးတည်ချက်မှားယွင်းပြီး မြန်မာနိုင်ငံကို ထိခိုက်နိုင်သည်" ဟု ထိုအဖွဲ့အစည်းများမှ ပြောကြားလိုက်သည်။

ဖွန်လတွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) မှ နိုင်ငံသားများအနေနှင့် ညအိပ်ဧည့်သည်များကို သတင်းပို့ရန် လိုအပ်သည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၏ ပုဒ်မ (၁၃) (ဆ) နှင့် ပုဒ်မ (၁၇) တို့ကို

ပယ်ဖျက်ပေးမည့် ဥပဒေကို အတည်ပြုခဲ့သည်။ Fortify Rights အနေနှင့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ အဆိုပြုထားသည့် ပြင်ဆင်ချက်များကို ကြိုဆိုခဲ့ပါသည်။

သို့သော် ဇူလိုင်လတွင် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဥပဒေပြုကော်မတီသည် ညအိပ်တည်းခိုသည့် ဧည့်သည်များကို စာရင်းပေးရန် တမင်သက်သက် (သို့မဟုတ်) ရည်ရွယ်ချက်ရှိစွာ ပျက်ကွက်သူများနှင့်သာ သက်ဆိုင်သော အဆိုပြုထားသည့် ပြင်ဆင်ချက်ဖြင့် ဧည့်စာရင်းတိုင်ခြင်းဆိုင်ရာ ဥပဒေသများကို မူလအတိုင်း ပြန်လည်ပြဌာန်းခဲ့သည်။

နိုင်ငံတကာဥပဒေအရ နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခွင့် အပါအဝင် အချို့သော လူ့အခွင့်အရေးများကို ကန့်သတ်လိုပါက ထိုကန့်သတ်ချက်အတွက် ယထာဘူတကျသော ရည်ရွယ်ချက်ရှိရမည်ဖြစ်ပြီး၊ သဘာဝကျသောဆီလျော်မှုရှိမှသာ ကန့်သတ်နိုင်သည်။ လက်ရှိဥပဒေတွင်ပါဝင်သည့် ဧည့်စာရင်းတိုင်ခြင်းဆိုင်ရာ ဥပဒေသများသည် ဤသတ်မှတ်ချက်များနှင့် မကိုက်ညီသဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီထွေမှုမရှိပါဟု Fortify Rights မှ ပြောကြားလိုက်သည်။

လွှတ်တော်တွင် ၂၅% နေရာရထားသည့် စစ်ဘက်လွှတ်တော်ကိုယ်စားလှယ်များက ထိုဥပဒေသည် "နိုင်ငံတော်လုံခြုံရေး" ကို အကာအကွယ်ပေးရန် လိုအပ်သည်ဟု ပြောဆိုကာ၊ မဖြစ်မနေ ဧည့်စာရင်းတိုင်ရခြင်းကို လက်ရှိအခြေအနေတွင် ထောက်ခံနေကြပါသည်။

"ဤဥပဒေသများက အကာအကွယ်ပေးထားသည့် တစ်ခုတည်းသောအရာမှာ အာဏာပိုင်များအနေနှင့် အလိုရှိသလို ကိုယ်ပိုင်အိမ်များကို ဝင်ရောက်ပြီး၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကောက်ခံနိုင်သည့်အာဏာပင်ဖြစ်သည်" ဟု မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "ဥပဒေပြုကော်မတီက ထိုဥပဒေသများကို မဖယ်ရှားပါက လွှတ်တော်အနေနှင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ၎င်းဥပဒေသများကို ပယ်ဖျက်သင့်သည်။"

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်သူများကို ဒီမိုကရေစီနည်းကျ ရွေးချယ်ခွင့်ပြုရန်နှင့် မဖြစ်မနေဧည့်စာရင်းတိုင်ရခြင်း လိုအပ်ချက်ကို ပယ်ဖျက်ပေးရန် အကြံပြုချက်များအပါအဝင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာဥပဒေကို တိုးတက်ကောင်းမွန်စေရန် အဆိုပြုချက်များပါဝင်သည့် အချက်(၁၀) ချက်ရှိသော ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံရှိ အရပ်သားလူမှုအဖွဲ့အစည်း (၆၅)ခုမှ ဇူလိုင်လ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၂၀၁၂ ခုနှစ် ဥပဒေနှင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း (၆)ခုတွင် နေထိုင်သူ (၉၀)ဦးကို တွေ့ဆုံမေးမြန်းထားချက်များကို စိတ်ဖြာလေ့လာချက်အပေါ်တွင် အခြေခံထားသည့် "ညသန်းခေါင် ဝင်ရောက်စီးနင်းခြင်းများ : မြန်မာနိုင်ငံတွင် ဧည့်စာရင်းတိုင်ခြင်းနှင့်သန်းခေါင်စာရင်းစစ်ခြင်းများကို အဆုံးသတ်ရေး" ခေါင်းစဉ်ဖြင့် (၄၇)မျက်နှာရှိ အစီရင်ခံစာ တစ်စောင်ကို Fortify Rights မှ မတ်လ ၂၀၁၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် အရာရှိများအနေနှင့် ဧည့်စာရင်းတိုင်ရန်လိုအပ်ချက်ကို မည်သို့မည်ပုံ အကောင်အထည်ဖော်ဆောင်ရွက်သည်၊ သန်းခေါင်စာရင်းများကို အသုံးပြုကာ အရပ်သားလူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပါအဝင် အခြားသူတို့၏ လှုပ်ရှားမှုများကို မည်သို့ထိန်းချုပ်အနှောင့်အယှက်ပေးသည်များကို ဖော်ပြထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်သူများသည် အဓိကအားဖြင့် ဤဥပဒေ၏ ပြဿနာဖြစ်ပေါ်စေနိုင်သော ဥပဒေသများကို ကိုင်တွယ်ကြသည်။ ဤအောက်ခြေအဆင့် အစိုးရဝန်ထမ်းများကို အင်အားကြီးပြီး ဗဟိုဖြစ်သော အထွေထွေ အုပ်ချုပ်ရေးဌာနက ကြီးကြပ်ပြီး၊ ထိုဌာနကို ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာစစ်တပ်က ထိန်းချုပ်ထားသည်။

ဆွေးနွေးနေဆဲဖြစ်သော စီမံချက်များကို ထောက်ခံသူများကလည်း ဧည့်စာရင်းတိုင်ရန်လိုအပ်ချက်ကို ရွေးချယ်အသက်သွင်းခြင်းအား လူသိရှင်ကြားထောက်ခံကြပြီးဖြစ်သည်။ ဥပမာအားဖြင့် ပြည်သူ့လွှတ်တော် ဥပဒေပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်းက "သည်လို ဥပဒေမျိုး ဆက်တည်ရှိသင့်တဲ့ နယ်စပ်မြို့တွေနဲ့ ကျေးလက်ဒေသတွေ ရှိတယ်" ဟု ရောဝတီကို ပြောခဲ့သည်။ အောက်လွှတ်တော်ဥပဒေပြုကော်မတီဝင် ဦးဇော်ဝင်းကလည်း "မတည်ငြိမ်တဲ့ဒေသတွေအတွက် သည်လို ဥပဒေမျိုး လိုအပ်ပါတယ်" ဟု ရောဝတီကို ပြောခဲ့သည်။

"ဥပဒေပြုလွှတ်တော်အမတ်များသည် ပင်ကိုပြင်းထန်သော ဥပဒေကို မျှတမှုမရှိစွာ အသက်သွင်းရန် အဆိုပြုနေကြသည်" ဟု မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "ပြည်သူတို့နေထိုင်ရာ အချို့ဒေသများနှင့် အချို့သော လူမှုဝန်းကျင်ကို ပစ်မှတ်ထားရန် ဤဥပဒေကို အသုံးပြုခြင်းသည် ယခုအချိန်တွင် အလိုအပ်ဆုံးဖြစ်သည့် ယုံကြည်မှုကို တိုင်းရင်းသားတို့နေထိုင်ရာ ပြည်နယ်များတွင် ထပ်မံလျော့နည်းသွားစေမည်ဖြစ်သည်။"

ထပ်မံသိလိုသည်များရှိပါက အောက်ပါတာဝန်ရှိသူများထံ ဆက်သွယ်နိုင်ပါသည်။

Matthew Smith, chief executive officer, Fortify Rights l +66.0850280044, matthew.smith@fortifyrights.org, Twitter: @matthewfsmith

Kyaw Thu, Executive Director, Paung Ku l +95.092043709, kyawthutiger@gmail.com

Kyaw Htin, Director of Policy and Planning, New Myanmar Foundation (NMF) l +95.0979537989, kyawhtin@newmyanmarfoundation.org

Khin Maung Htun, Director of Metta-Campaign (Mandalay) l +95.09451510419, ohmarsf@gmail.com

Wai Wai Nu, Executive Director, Women Peace Network-Arakan l +95.09450014876, waiwai.peace@gmail.com

ပူးတွဲထုတ်ပြန်ချက်။ ။လွှတ်တော်ဆိုင်ရာ ဥပဒေပြု ကော်မတီအနေနှင့် မဖြစ်မနေဧည့်စာရင်းတိုင်ခြင်းဆိုင်ရာ ဥပဒေသများကို ပယ်ဖျက်ပေးရန်တောင်းဆိုခြင်း။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာကျော်က ပြဋ္ဌာန်းခဲ့သောဥပဒေနှစ်ခုကို အစားထိုးထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကို ၂၀၁၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ထိုဥပဒေတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့်သူများသည် ၎င်းတို့၏နေအိမ်၌ ဧည့်သည်များ ညအိပ်ညနေ တည်းခိုမည့်အခါတွင် အစိုးရအရာရှိများထံ သတင်းပို့ရမည်ဖြစ်ပြီး၊ ဧည့်သည်များနှင့် ပတ်သက်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို တင်ပြရန် အတွက်လိုအပ်သည့်ဥပဒေသများပါဝင်သည်။

မြန်မာအာဏာပိုင်များအနေဖြင့် ဧည့်စာရင်းတိုင်ရန်လိုအပ်ချက်ကို ညဥ့်နက်ချိန်တွင် အိမ်ထောင်စုများအား စစ်ဆေးခြင်းများ ပြုလုပ်ပြီး အသက်သွင်းသောကြောင့် ကာလရှည်ကြာစွာ ကျင့်သုံးခဲ့သည့် ထိုအလေ့အထကို "သန်းခေါင်စာရင်း စစ်ဆေးခြင်း" ဟု လူအများက ရည်ညွှန်းကြသည်။

အောက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေတွင် ပါဝင်သည့် မဖြစ်မနေဧည့်စာရင်းတိုင်ခြင်းဆိုင်ရာ ဥပဒေသများကို ပယ်ဖျက်ပေးရန်

အတွက် လွှတ်တော်ဆိုင်ရာ ဥပဒေပြု ကော်မတီအား တောင်းဆိုသည်။ ထိုဥပဒေသများသည် မြန်မာပြည်သူတို့၏ လူ့အခွင့်အရေးများကို အချိန်ကြာမြင့်စွာ ချိုးဖောက်လာခဲ့ပြီဖြစ်သည်။

ဥပဒေအရ မြန်မာနိုင်ငံသားများအနေနှင့် ဧည့်သည်များကို ညအိပ်နေခွင့်ပြုရန် နိုင်ငံတော်ထံမှ ခွင့်ပြုချက်တောင်းရန် လိုအပ်ပြီး အာဏာပိုင်များအနေနှင့် မည်သူက၊ မည်သည့်နေရာတွင်၊ မည်မျှကြာအောင်နေမည် စသည့်အချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကောက်ခံပိုင်ခွင့် ရှိသည်။ အာဏာပိုင်များအနေနှင့် ဧည့်စာရင်း တိုင်မထားသော ညအိပ်ဧည့်သည်များ ရှိမရှိ စစ်ဆေးယောင်ဆောင်ကာ ဝရမ်းမပါဘဲ အိမ်ထောင်စုများကို စစ်ဆေးခြင်းများပြုလုပ်ရန် အတွက် ထိုဥပဒေကို အသုံးပြုလာခဲ့ကြသည်။

ထို့ပြင် အာဏာပိုင်များက ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်ကို နှစ်ပေါင်းများစွာထဲက လူတစ်စုအပေါ် ရွေးချယ်အသက်သွင်းပြီး လူမှုအသိုင်းအဝိုင်းဆိုင်ရာ အရပ်သားအဖွဲ့အစည်းများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပါအဝင် အခြားသူတို့၏ လှုပ်ရှားမှုများကို ထောက်လှမ်း၊ နှောင့်ယှက်၊ စွက်ဖက်နိုင်ရန် အိမ်ထောင်စုများအား စစ်ဆေးရာတွင် အသုံးပြုခဲ့ခြင်းနှင့် ပတ်သက်ပြီး အောက်တွင် လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့ အဖွဲ့အစည်းများအနေဖြင့် စိုးရိမ်မိသလို မဖြစ်မနေဧည့်စာရင်းတိုင်ခြင်းနှင့် ညအချိန် အိမ်ထောင်စုစစ်ဆေးခြင်းများကို လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများအား ပစ်မှတ်ထားရန်နှင့် လူ့အခွင့်အရေးများကို ထပ်မံချိုးဖောက်ရန် အသုံးပြုမည်ကို ကျွန်ုပ်တို့အနေနှင့် စိုးရိမ်ပါသည်။

တိတိကျကျဆိုရလျှင် ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်နှင့် ညအချိန် အိမ်ထောင်စုစစ်ဆေးခြင်းများသည် အများနှင့်မပတ်သက်ဘဲ သီးခြားလွတ်လပ်ခွင့်များ၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် နေထိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းနိုင်ခွင့်ကို ချိုးဖောက်ရာကျပါသည်။

၂၀၀၈ အခြေခံဥပဒေ အပိုဒ် (၃၅၅)တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသတွင်မဆိုဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်ဟုလည်းဆို ထားပါသည်။ ထိုအခွင့်အရေးများကို အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေး ကြေညာချက် (UDHR) နှင့် အရပ်သားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အကာအကွယ်ပေးထားသည်။

UDHR တွင် "မည်သူတစ်ဦးတစ်ယောက်မှ ၎င်း၏ သီးခြားလွတ်လပ်စွာနေထိုင်ခြင်း (သို့မဟုတ်) ၎င်း၏ အိမ်ကို တစ်ဖက်သတ် ဝင်ရောက်စွက်ဖက်ခြင်း မခံရရေး" နှင့် "ထိုသို့ ဝင်ရောက်စွက်ဖက်မှုအပေါ် ဥပဒေအရ အကာအကွယ်ပေးထားသည့် အခွင့်အရေး လူတိုင်းတွင်ရှိကြောင်း" ဖော်ပြထားသည်။ UDHR နှင့် ICCPR တို့သည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် လွတ်လပ်စွာ နေထိုင်နိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချမှတ်ထားသည်။ UDHR ၏ အပိုဒ်ခွဲ (၁၃) တွင် "နိုင်ငံတစ်နိုင်ငံစီ၏ နယ်နိမိတ်အတွင်း လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် နေထိုင်နိုင်ခွင့် အခွင့်အရေး လူတိုင်းတွင် ရှိသည်" ဟု ဖော်ပြထားသည်။

မြန်မာ့လွှတ်တော်အနေဖြင့် ၂၀၁၂ ခုနှစ်၏ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကို နှစ်ကြိမ်ပြင်ဆင်ပြီးဖြစ်သော်လည်း အာဏာပိုင်များသည် ယခုအခါတွင် မဖြစ်မနေဧည့်စာရင်းတိုင်ရန် လိုအပ်ချက်ကို "နိုင်ငံတော် လုံခြုံရေး" အတွက်ဟု ဆိုကာ ထိန်းသိမ်းထားရန် ကြိုးပမ်းနေသည်။ ဤကြိုးပမ်းမှုသည် ဦးတည်ချက်မှားယွင်းပြီး မြန်မာနိုင်ငံကို ထိခိုက်စေသည်။

မြန်မာနိုင်ငံတွင် မဖြစ်မနေ‌ေသည့်စာရင်းတိုင်ရခြင်းနှင့် သန်းခေါင်စာရင်း စစ်ဆေးခြင်းများအတွက် နေရာမရှိပါဟု အောက်တွင် လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့၏ အဖွဲ့အစည်းများက ယုံကြည်ပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ ဥပဒေသည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခွင့်နှင့် အများနှင့် မပတ်သက်ဘဲ သီးခြားလွတ်လပ်ခွင့်များကို ကာကွယ်သင့်ပြီး လွှတ်တော်အနေဖြင့် ဥပဒေအရ မပျက်မကွက် ဧည့်စာရင်းတိုင်ရန် လိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ပယ်ဖျက်ပေးသင့်သည်။

လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ။

1. Action Committee for Democracy Development
2. Action Group on Monitoring Communal Tensions
3. All Arakan Students' and Youths' Congress (AASYC)
4. Arakan Rivers Network (ARN)
5. Assistance Association for Political Prisoners (AAPP)
6. Association of Human Rights Defenders and Promoters (HRDP)
7. Burma Partnership (BP)
8. Burmese Women's Union (BWU)
9. Center for Education and Research Development
10. Children Can Youth Can (CCYC)
11. Civil Authorize Negotiate Organization (C.A.N-Myanmar)
12. EON – Mandalay (Election Observers Network – Mandalay)
13. Equality Myanmar
14. Farmer Right and Development Organization
15. Farmer Union (Magway)
16. Farmers and Landworkers Union (Myanmar)
17. Freethinkers
18. Fortify Rights
19. Gender Equality Network
20. Green Network Sustainable Environment Group
21. Hands of Unity Group
22. Human Rights Foundation of Monland
23. Karen Environmental and Social Action Network (KESAN)
24. Karen River Watch
25. LAIN Technical Support Group
26. ME – Community Development Center
27. Magway EITI Watch Group
28. Metta-Campaign – Mandalay
29. Metta-Campaign – Youth
30. Myanmar Green Network
31. Myanmar Human Rights Working Group
32. Myit Thar Farmer Union
33. ND-Burma
34. New Myanmar Foundation (NMF)
35. Organic Argo and Farmer Affair Development Group
36. Our Future Initiative (OFI)
37. Paung Ku (PK)
38. People for People (Rakhine)
39. Promotion of Indigenous and Nature Together (POINT)
40. Rainbow Organization
41. Shan Youth Yangon
42. Shwechinthae Social Service Group (Shwebo)
43. Social Alliance
44. Ta'ang Students and Youth Union (TSYU)
45. The Seagull: Human Rights, Peace & Development
46. Triangle Women's Support Group
47. Thwe Chin Ayarwady Network

48. Upper Chindwin Youth Network
49. Women League of Burma (WLB)
50. Women Peace Network Arakan (WPNA)
51. Youth Pacemaker Organization
52. Yway Lat Yar Institute